(၇) **ဘက်တီးရီးယားရွက်နက်ပြောက်/ ဘက်တီးရီးယားကင်ကာရောဂါ**

**(Bacterial black spot/ Canker)**

**ရောဂါဖြစ်စေသက်ရှိ -** *Xanthomonas axonopodis* pv. *mangiferaeindicae* (Patel et al. 1948) Robbs et al. 1974

ရောဂါလက္ခဏာများ

အရွက်ပေါ်တွင် ထောင့်များပါသော နီညို(သို့) အနက်ရောင် ရေစိုနာကွက် ထောင့်ကွက် များတွေ့ရသည်။အသီးပေါ်တွင် ရေစိုနာကွက်များ ဖြစ်၍ မို့မောက် လာပြီး မဲလာ ကာ အနာကွက်မှာ အက်ကွဲပြီး အစေးများထွက်လေ့ရှိသည်။ အကိုင်းနှင့် ပင်စည်တွင်လည်း အမဲရောင် အနာချိုင့်ဖြစ်ပေါ်၍ ထိုဒါဏ်ရာများမှာ အက်ကွဲလာပြီး အစေးများ ထွက်လေ့ရှိသည်။







**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကျသောအရွက်များ၊ ကိုင်းများကို ဖြတ်ပြီး မီးရှို့ဖျက်ဆီးပါ။
- စိုက်ခင်းသန့်ရှင်းရေးကိုဂရုစိုက်ဆောင်ရွက်ပါ။
- ရောဂါကျရောက်မှု ရှိ/မရှိ ပုံမှန်ကင်းထောက်ပါ။
- ပင်စည်ရှိ ဒါဏ်ရာအက်ကွဲကြောင်းများကို ကော့ပါးပါဝင်သော ဆေးပျစ်ပျစ် ဖျော်၍ သုတ်လိမ်းပေးပါ။
- ရောဂါကျရောက်ပါက ကော့ပါးပါဝင်သောဆေးများနှင့် Oxolinic Acid (အောက်ဆိုလင်းနစ် အက်စစ်) ကိုအသုံးပြုပက်ဖျန်းပါ။